DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၈၇)

# အံ့ဖွယ်လူသား မြတ်ဘုရား

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အံ့ဖွယ်လူသား မြတ်ဘုရား

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/ ၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၅–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄–ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ၅.၅.၂၀၁၂ (စနေနေ့) ၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယသာသနစင်တာ၊ ဓမ္မရတိမဟာဓမ္မသဘာ ဓမ္မဗိမာန်တော်ကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ညဦးယံ ဓမ္မသဘင် အခမ်းအနားဝယ် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် ၃၇–လမ်းနှင့် ၃၈–လမ်းကြား၊ ၅၉–လမ်းနှင့် ၆၀–လမ်းကြား အမှတ်–၅၈၊ ၂/၁+၆နေ ဦးဝင်းမြင့်ဦး (ရွှေမိ အထက်ဆင်လုပ်ငန်း)မိသားစု၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူအပ်သော

**အံ့ဖွယ်လူသား မြတ်ဘုရား**

တရားဒေသနာတော်

[illegible]

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

[illegible]

[illegible]

# အံ့ဖွယ်လူသား မြတ်ဘုရား

"အံ့ဖွယ်လူသား"ဆိုတာ ပါဠိဘာသာနဲ့ "အစ္ဆရိယမနုဿ"လို့ သုံးတယ်၊ အင်္ဂုတ္တရပါဠိတော်မှာ အစ္ဆရိယမနုဿလို့ မြတ်စွာဘုရားကိုယ်တော်တိုင် သုံးနှုန်းဖော်ပြခဲ့တဲ့ စကားဖြစ်တယ်၊ ဒီကနေ့ဟာ ဗုဒ္ဓဘာသာဝင်တို့အတွက် အင်မတန်မှ ထူးခြားတဲ့ ထူးမြတ်တဲ့ "ဗုဒ္ဓနေ့"ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓအကြောင်း မှတ်သားနာယူခြင်းဖြင့် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများပြီးဖြစ်အောင် ဗုဒ္ဓအကြောင်းပဲ ဆက်လက်ဟောကြားဖို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့်မို့ "အံ့ဖွယ်လူသား မြတ်ဘုရား" ဆိုတဲ့ ဒီခေါင်းစဉ်နဲ့ ဟောကြားမှာ ဖြစ်ပါတယ်။

မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ အစ္ဆရိယ အဗ္ဘုတသုတ်ဆိုတာ ရှိတယ်၊ အစ္ဆရိယအဗ္ဘုတ ဆိုတာ အံ့ဩဖွယ်ကောင်းတယ်၊ မဖြစ်စဖူး ထူးခြား တယ်လို့ အဓိပ္ပာယ်ရတဲ့ စကားလုံးနှစ်လုံးကို ပေါင်းစပ်ထားတာ၊ အဲဒီ အစ္ဆရိယအဗ္ဘုတသုတ်ကို ခြုံငုံအကျဉ်းချုပ်ပြီး ဟောမယ်၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေဆိုတာ အင်မတန်မှ များတယ်၊ ပြောလို့မကုန် အံ့ဩလို့မကုန်နိုင်လောက် အောင် ရှိတယ်၊ ဒီလို ဘုရားဂုဏ်တော်တွေကို အာရုံ ပြုနေတာဟာ ဗုဒ္ဓါနုဿတိ ဘာဝနာ လွှမ်းခြုံထားလို့ စိတ်ထဲမှာကြည်နူးတဲ့ ပီတိတွေ ဖြစ်တယ်၊ အဲဒီပီတိ ဟာ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် စွမ်းဆောင်သွားနိုင်တဲ့ ပီတိသမ္ဗောဇ္ဈင် ဖြစ်တယ်၊ အဲဒီပီတိမျိုး ကိုယ့်သန္တာန် မှာဖြစ်ဖို့ ကြိုးစားရမယ်၊ ဖြစ်ဖို့လည်း အင်မတန်မှ ခဲယဉ်းတယ်၊ သဒ္ဓါစွမ်းအားတွေ၊ ဉာဏ်စွမ်းအားတွေ ကြီးမားတဲ့ ပုဂ္ဂိုလ်တွေမှာသာ ဒီပီတိမျိုး ဖြစ်တတ်

တယ်။

အဲဒီပီတိမျိုးတွေ ဖြစ်ခွင့်ရကြရအောင် မြတ်စွာဘုရားရဲ့ ထူးခြားတဲ့ ဂုဏ်ထူးဝိသေသရှိတဲ့ အံ့ဩဖွယ်ကောင်းတဲ့ အချက်အလက်တွေကို မှတ်သားနာယူကြရအောင်။ ဒီသုတ္တန်မှာ အရှင်အာနန္ဒမထေရ်မြတ်က မြတ်စွာဘုရားကို လျှောက်ကြားထားတဲ့အနေအားဖြင့် ဘုရားရဲ့ အံ့ဩဖွယ်တွေကို သိခွင့်ရကြတယ်။ မြတ်စွာဘုရားရဲ့ ဘဝမှာ ထူးခြားတဲ့ အဖြစ်အပျက်တွေ ဘာတွေရှိခဲ့သလဲ ဆိုတာ ရှင်အာနန္ဒက မြတ်စွာဘုရားကို လျှောက်ထားတာ အံ့ဩဖွယ်ကောင်းတဲ့ အချက်တွေ (၁၉)ချက် ရှိတယ်။

အဲဒီ အစ္ဆရိယအဗ္ဘုတသုတ်ကို မြန်မာလို မှတ်လို့လွယ်အောင် "အံ့ဖွယ်လူသား မြတ်ဘုရား" ဆိုတဲ့ ခေါင်းစီးနဲ့ ဟောပါ့မယ်၊ "အစ္ဆရိယမနုဿ" ဆိုတဲ့ စကားလုံးကို ဘာသာပြန်တဲ့ အခါကျ "အံ့ဖွယ်

လူသား"လို့ အဓိပ္ပာယ်ရတယ်ပေါ့၊ ဘုရားဆိုတဲ့ ပုဂ္ဂိုလ်ဟာ လူကမွေးတဲ့ လူသားဖြစ်သော်လည်း ပါရမီရှင် ဘုန်းကံရှင် ဖြစ်သည့်အတွက် သာမန် ပုဂ္ဂိုလ်တွေနဲ့ မတူအောင် အင်မတန်မှထူးခြားတယ်၊ အံ့သြဖွယ်ကောင်းတယ်။

ဒီနေရာမှာ အစ္ဆရိယဆိုတဲ့ စကားလုံးက စိတ်ဝင်စားစရာ ကောင်းတယ်၊ ဒီ ပါဠိစကားလုံး ဖြစ်ပေါ်လာပုံက အိန္ဒိယနိုင်ငံမှာ လူတွေက အံ့သြစရာ နဲ့ ကြုံပြီဆိုရင် လက်ဖျောက်တီးကြတယ်၊ နဖူးကို လက်ဖဝါးနဲ့ရိုက်တာလည်း ရှိတယ်၊ ပါးစပ်ဟောင်း လောင်းဟထားတဲ့ လူလည်းရှိတယ်ပေါ့၊ မျိုးစုံလုပ်တဲ့ အထဲမှာ အံ့သြဖွယ်နဲ့ ကြုံပြီဆိုရင် လက်ဖျောက် တီးကြတယ်၊ အဲဒီ လက်ဖျောက်တီးတဲ့ အစဉ်အလာ တစ်ခုကို အကြောင်းပြုပြီးတော့ အစ္ဆရိယဆိုတဲ့ စကားလုံးလေး ပေါ်လာတာ၊ လက်ဖျောက် တီးထိုက် တဲ့ အဖြစ်အပျက်ဘဲလို့ ဒီလိုဆိုလိုတာ၊ သာမန်ကိစ္စ

ဆိုရင်ဘယ်သူမှ မအံ့သြဘူး၊ ဒီသာမန်မဟုတ်တဲ့ ကိစ္စတစ်ခုခု ကြုံလာပြီ ထူးထူးခြားခြားကြီး ဖြစ်ပေါ်လာပြီဆိုရင် လူတွေက မိမိရဲ့ အံ့သြခြင်းကို ပြသဖို့ရန်အတွက် လက်ဖျောက် တီးလိုက်ကြတယ်၊ အဲဒီလို လက်ဖျောက်တီးလောက်အောင် အံ့သြဖွယ်ကောင်းတဲ့ ဂုဏ်ရည်တွေဟာ မြတ်စွာဘုရားရဲ့ သန္တာန်မှာရှိလို့ အစ္ဆရိယလို့ ဒီစကားလုံးကို အသုံးပြုထားတာ၊ ဒါက ဒီစကားလုံးနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်တစ်ခု။

နောက်စကားလုံး အဓိပ္ပာယ်တစ်ခုက ဘာလဲလို့ဆိုတော့ အစ္ဆရိယဆိုတာ လောကမှာ မဖြစ်ဖူးတဲ့ ကိစ္စတစ်ခု ထူးထူးခြားခြား ဖြစ်သွားတာ၊ ဥပမာ– မျက်မမြင်တစ်ယောက် လမ်းပမ်းမရှိတဲ့ တောင်ထိပ်ကြီးကို ရောက်အောင်တက်သွားတယ်၊ စဉ်းစားကြည့်မယ်ဆိုရင် ဒီလူ မျက်စေ့လည်း မမြင်ဘဲနဲ့ တောင်ပေါ်ဘယ်လို ရောက်လာလဲဆိုပြီး

အံ့ဩစရာကောင်းတယ်ပေါ့၊ အဲဒီလို မျက်မမြင်တဲ့ ပုဂ္ဂိုလ်တစ်ယောက် တောင်ထိပ်ရောက်လာအောင် တက်လာနိုင်တဲ့ စွမ်းရည်သတ္တိကို ကြည့်ပြီးတော့ လူတွေဟာ တအံ့တဩ ပြောကြတယ်၊ အဲ့ဒီ ကိစ္စမျိုး ကိုလည်း အစ္ဆရိယလို့ဆိုတယ်။

ဆိုလိုတာက ဘယ်တုန်းကမှ မဖြစ်ဖူးဘူး၊ ဖြစ်လာလို့ ရှိရင်လည်း မဖြစ်နိုင်လောက်ရအောင် ထူးဆန်းတဲ့ အဖြစ်အပျက်များကို အစ္ဆရိယလို့ ဒီလို ပြောတာ၊ အဲဒီတော့ သာမန်ပုဂ္ဂိုလ်တွေနဲ့ မနှိုင်းယှဉ်နဲ့၊ မြတ်စွာဘုရား အလောင်းတော်နဲ့ ပတ်သက်ပြီး ဖြစ်ပျက်လာခဲ့တာတွေ ဒီနေ့ခေတ်လူတွေက ဒါတွေ ဟာ ယုတ္တိရှိရဲ့လားလို့ ပြောလာတတ်ကြတယ်၊ သို့သော် ယုတ္တိရှိတာ မရှိတာထက် ထူးခြားတဲ့ အဖြစ် အပျက်ဆိုတာ လောကမှာ တစ်ခါတစ်ရံ ပေါ်လာ တတ်တယ်ဆိုတာကိုတော့ မှတ်သားထားဖို့ လိုတယ် ပေါ့။

"အဗ္ဘုတ"ဆိုတာ အတိတ်တုန်းက မဖြစ်ဖူးဘူး၊ အခုမှ ဖြစ်လာတာ၊ အဲဒီမဖြစ်ဖူးတဲ့ အရာတွေကို အဗ္ဘုတ၊ မဖြစ်ဘူးလို့ မကြုံဘူးလို့ လူတွေက အံ့ဩကြတာ။ ဒါကြောင့်မို့ မြတ်စွာဘုရား နဲ့ ပတ်သက်ပြီး ဒီလိုအံ့ဩဖွယ် အခြေအနေတွေကို မှတ်သားနာယူဖို့ ကောင်းတဲ့ သုတ္တန်တစ်ခုလို့ မှတ်ရမယ်။ သာမန်ဗုဒ္ဓဝင် ဖတ်ရင်တော့ ဒါတွေတွေ့ချင်မှလည်း တွေ့မယ်၊ တွေ့သင့်သလောက်တော့ တွေ့မယ်၊ ဒီသုတ္တန်မှာ ဆိုထားတဲ့ အချက်တွေဟာ အားလုံး အချက်ပေါင်း နှစ်ဆယ်ရှိတယ်၊ မြတ်စွာဘုရားရဲ့ အံ့ဖွယ်ဂုဏ်ရည်တွေဟာ သူများနဲ့ မတူအောင် အလွန်ထူးခြားတယ်၊ တူနေရင်လည်း သာမန်ပုဂ္ဂိုလ်ဖြစ်သွားမှာပေါ့။

မတူဘူးဆိုတာ ဘာကြောင့်မို့ မတူရတာလည်း၊ အကြောင်းမဲ့ မတူတာ မဟုတ်ဘူး၊ စိတ်ဓာတ်လည်း မတူဘူး၊ ကိုယ်ကျင့်သီလ အားဖြင့်လည်း

မတူဘူး၊ ပညာအားဖြင့်လည်းမတူဘူး၊ အဲ့ဒီမတူတဲ့ အတွင်းစိတ်ဓာတ် သီလ ပညာဆိုတဲ့ ကုသိုလ်တွေရဲ့ စွမ်းဆောင်မှုကြောင့် ဘုရားရဲ့ ဘဝဟာ သာမန်ပုဂ္ဂိုလ်တွေနဲ့ မတူတဲ့ အနေအထားတစ်ခုကို ရတာ၊ ဘုန်းကြီးတို့တတွေလည်း သူများနဲ့ မတူအောင် ကြိုးစားနိုင်လို့ရှိရင် မတူတဲ့အခြေအနေကို ရလာမှာပဲပေါ့၊ ဒါက ဘယ်သူ့ပေါ်မှာ မူတည်သလဲဆိုရင် ကိုယ့်အပေါ်မှာ မူတည်တာ၊ ကြိုးစားတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဓာတ်၊ ကြိုးစားတဲ့ပုဂ္ဂိုလ်ရဲ့ လုပ်ရပ်အပေါ်မှာ မူတည်ပြီးတော့ ထူးခြားမှုဝိသေသတွေ ပေါ်လာစမြဲဖြစ်တယ်။

နိုင်ငံတိုင်းမှာ ထူးထူးချွန်ချွန် သူရဲကောင်းဆိုတာတွေဟာ ရှိလာတတ်တယ်။ သူများနဲ့ မတူအောင် ထူးချွန်လာတဲ့ ပုဂ္ဂိုလ်တွေဟာ အများက လေးစားရတဲ့ အနေအထားမျိုး ရောက်တာပေါ့၊ မြတ်စွာဘုရားကမှာ လူသားတွေကသာမက နတ်တွေ

ဖြဟ္မာတွေကပါ ဦးညွတ် လေးစားလောက်တဲ့ စိတ်ဓာတ်တွေ၊ လေးစားလောက်တဲ့ သီလတွေ၊ လေးစားလောက်တဲ့ ပညာတွေရှိတယ်၊ ဒီစွမ်းပကား တွေကြောင့် မြတ်စွာဘုရားဟာ ကမ္ဘာကြီး တစ်ခုလုံး က ဦးညွတ်ပြီး လေးစားရတဲ့ အနေအထားမျိုးတွေ ရောက်လာတယ်လို့ ဒီလိုဆိုလိုတာ။

## အစ္ဆရိယအဗ္ဘုတသုတ်

အံ့ဖွယ်လူသား မြတ်ဘုရားရဲ့ အံ့သြဖွယ် ကောင်းတဲ့ ဂုဏ်ရည်တွေနဲ့ ပတ်သက်ပြီး ဘယ်ပုံ ဖြစ်ပေါ်လာသလဲ။ ရှေးတုန်းက ရဟန်းတော်တွေဟာ နေ့စဉ်နဲ့အမျှ တရားနာတဲ့အချိန်မှာ အခုလို ဓမ္မာရုံ ကြီးတို့၊ မဏ္ဍလမာဠလို့ဆိုတဲ့ အဝန်းအဝိုင်းသဏ္ဌာန် ဆောက်လုပ်ထားတဲ့ အဆောက်အအုံမှာ စုတိုင်ကြပြီး မြတ်စွာဘုရား ကြွမလာခင် စကားစမြည် ပြောကြ တယ်၊ အဲ့ဒီလိုပြောကြတဲ့ အခါမှာ စပ်မိစပ်ရာ

ပြောကြတာတွေလည်း ပါတယ်၊ ထူးခြားတဲ့ အချက်တွေနဲ့ ပတ်သက်ပြီးတော့လည်း ပါလာတတ်တယ်။

တစ်နေ့ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက် ဥပဋ္ဌာနသာလာမွေ့ရာရုံကြီးအတွင်းမှာ ရဟန်းတော်တွေ ရောက်ရှိလာကြတယ်၊ မြတ်စွာဘုရား တရားဟောတာကိုနာဖို့ စုလာကြတယ်၊ အဲ့ဒီလို ရောက်နေတဲ့ အချိန်မှာ ဘုရားကြွမလာခင် စကားပြောကြတယ်၊ ပြောတဲ့အခါမှာ ရဟန်းသံဃာတွေအထဲမှာ ဘယ်စကားကို ဦးတည်ပြီး ပြောကြသလဲဆိုရင် မြတ်စွာဘုရားရဲ့ ကြီးမားသော အောင်မြင်မှု မဟိဒ္ဓိက၊ ကြီးမားတဲ့ စွမ်းဆောင်နိုင်မှု မဟာနုဘာဝ၊ အဲဒီလိုကြီးမားတဲ့ အောင်မြင်မှုနဲ့ ကြီးမားတဲ့ စွမ်းဆောင်နိုင်မှုတွေဟာ အင်မတန်မှ အံ့ဩစရာကောင်းတယ်၊ ဘယ်လောက်ထိအောင် ကြီးမားပြီး အောင်မြင်သလဲ၊ ဘယ်လောက်ထိအောင် စွမ်းဆောင်နိုင်သလဲ ဆိုတဲ့အကြောင်း မြတ်စွာဘုရားရဲ့

ဉာဏ်ရည်ဉာဏ်သွေးနဲ့ ပတ်သက်ပြီး ရဟန်းတွေဟာ ဆွေးနွေးကြတယ်။

မြတ်စွာဘုရားရဲ့ အစွမ်းသတ္တိဟာ အင်မတန်မှ ထက်မြတ်ပါပေတယ်၊ ဗျာဒိတ်တော် ခံခဲ့တဲ့ နှစ်ဆယ့်လေးဆူသော ဘုရားတွေရဲ့ အမည်နာမတော်တွေ၊ ဘယ်ခေတ်ကပွင့်ခဲ့တယ် ဆိုတာတွေ၊ နာမည်က ဘယ်လို၊ မယ်တော်တွေ ခမည်းတော်တွေက ဘယ်လို၊ သက်တမ်းကဘယ်လောက်ရှိတယ်၊ အရပ်အမောင်းက ဘယ်လောက်ရှိတယ် ဆိုပြီးတော့၊ ဒီဘုရားတွေရဲ့ အသေးစိတ်တွေ၊ ဘယ်လိုနေခဲ့တယ် ဘယ်လိုထိုင်ခဲ့တယ်၊ ဘယ်လို တရားဟောတယ် ဆိုတာက စပြီးတော့ သံသရာဝဋ် ပြတ်သွားတဲ့ ပရိနိဗ္ဗာန် စံပြီးဖြစ်တဲ့နှစ်ပေါင်း အလွန်ကြာကကမ္ဘာကြီးမှာ ပျောက်ကွယ်သားပြီးသားဖြစ်တဲ့ ဘုရားတွေရဲ့ အတိတ်သမိုင်းတွေကို တိတိကျကျ ဖော်ထုတ်ပြီးတော့ပြနိုင်တဲ့ စွမ်းရည်သတ္တိဟာ

နည်းတဲ့ စွမ်းရည်သတ္တိလား။

ဘုန်ကြီးတို့တတွေဆို မနေ့က ဘာဟင်းနဲ့ စားခဲ့သလဲ ဆိုတာတောင် ပြည့်စုံအောင် ပြောနိုင်မှာ မဟုတ်တော့ဘူး၊ ကိုယ်နဲ့ တွေ့ကြုံခဲ့တာတောင်မှ မပြောနိုင်တာဆိုတော့ ကိုယ်မတွေ့ခဲ့တာတွေကို ဘယ်လိုပြောမလဲ၊ မပြောနိုင်ဘူး၊ အများကြီး မေ့ပြစ် လိုက်ကြတယ်၊ မြတ်စွာဘုရားရဲ့ စွမ်းဆောင်မှုတွေ ကျတော့ အဲဒီလိုမဟုတ်ဘူး၊ ဉာဏ်ရည်ဉာဏ်သွေး ဟာ အင်မတန် ထက်မြက်တော့ မိမိကိုယ်တိုင် မကြုံတွေ့လိုက်ရတဲ့ မြတ်စွာဘုရားတွေ အမည်နာမ တော်တွေက စပြီးတော့ ဖော်ထုတ်ပြီး ဟောနိုင် ပြောနိုင်တယ်ဆိုတဲ့ အရည်အသွေးဟာ နည်းတာ မဟုတ်ဘူးလို့ ရဟန်းတော်တွေက တအံ့တဩ ပြောကြတယ်။

အဲဒီလိုပြောနေတဲ့ အထဲမှာ ရှင်အာနန္ဒ မထေရ်မြတ်က "ဟုတ်တာပေါ့ ကိုယ်တော်တို့၊

မြတ်စွာဘုရားဆိုတာ အံ့ဖွယ်လူသားပဲ၊ အင်မတန် အံ့သြ စရာကောင်းတယ်၊ အံ့သြစရာကောင်းတဲ့ ဂုဏ်တွေနဲ့လည်း ပြည့်စုံတယ်၊ မြတ်စွာဘုရားဟာ မဖြစ်စဖူး ထူးကဲတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်၊ မပေါ် ပေါက်ဖူးသေးတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ အရည်အသွေး တွေနဲ့လည်း အကုန်လုံးပြည့်စုံတယ်" လို့ ဒီလိုပုံပိုးပြီး ပြောလိုက်တယ်၊ အဲဒီအချိန်မှာ မြတ်စွာဘုရား ရောက်လာတယ်။

အဲဒီလို ရောက်လာတဲ့ အချိန်မှာ ထုံးစံ အတိုင်းပဲ မြတ်စွာဘုရား ကြွလာပြီဆိုရင် အားလုံးဟာ ပြောလက်စ စကားကို ရပ်ပြစ်လိုက်ကြတယ်၊ ရပ်ပြီး ဘုရားရှိရာ လက်အုပ်ချီပြီးတော့ တိတ်တိတ် ဆိတ်ဆိတ် နေထိုင်ကြတယ်၊ မြတ်စွာဘုရားက ရောက်ပြီး နေရာမှာထိုင်ပြီးတဲ့ အခါမှာ မေးလေ့ ရှိတယ်၊ ဒါထုံးစံ၊ ဘာစကားများ ပြောနေကြသလဲ ဆိုတဲ့ မေးခွန်းလေးတစ်ခု အရင်မေးတယ်၊ ငါမလာ

ခင် စပ်ကြားမှာ ဘာစကားများ ပြောနေကြသလဲလို့ မေးတယ်။

ရှင်အာနန္ဒက ခေါင်းဆောင်ပြီး လျှောက်တယ်၊ ဒီအချက်ကို တပည့်တော်တို့ တအံ့အသြ ပြောနေပါတယ်လို့ဆိုတော့ တပည့်တော်က လျှောက်တယ်ဘုရား၊ မြတ်စွာဘုရား ဆိုတာ အလွန် အံ့သြစရာလည်းကောင်းတယ်၊ အလွန်ထူးခြားတယ်၊ ထူးခြားတဲ့ ဂုဏ်ထူးဝိသေသတွေ အခြေအနေတွေ နဲ့လည်း ပြည့်စုံတယ်လို့ တပည့်တော်က ဒီလို ပြောလိုက်ပါတယ်။

မြတ်စွာဘုရားက "အာနန္ဒ အဲဒီလိုဆိုရင် ငါဘုရားရဲ့ အံ့သြဖွယ်ကောင်းတဲ့ ဂုဏ်တွေကို မင်း ဆက်ပြောစမ်း ဘယ်လောက်ပြောနိုင်သလဲ ဘာတွေ ရှိသလဲ" ဆက်ပြောခိုင်းတာ၊ ဆက်ပြောစမ်းပါ ဘာတွေ ထူးခြားသလဲဆိုတော့ အဲဒီမှာ ရှင်အာနန္ဒက ဘုရားရဲ့ ထူးခြားတဲ့ ဂုဏ်ရည်ဂုဏ်သွေးတွေ

အံ့ဩဖွယ်ကောင်းတဲ့ ဂုဏ်ရည်ဂုဏ်သွေးတွေကို ဆက်ပြီးတော့ပြောတယ်၊ အဲဒီလိုပြောတဲ့ အခါမှာ ရှင်အာနန္ဒာက သူထင်ရာကို စွတ်ပြောတာ မဟုတ်ဘူး၊ မြတ်စွာဘုရားထံက သူကြားခဲ့တယ်၊ မှတ်သားခဲ့တယ် လေ့လာခဲ့ဖူးတယ်ဆိုတဲ့ စကားနဲ့ချည်းပဲ ပြောတာ၊ မြတ်စွာဘုရား ထံတော်က တိုက်ရိုက်ကြားခဲ့တဲ့ အံ့ဩဖွယ်တွေ ပြောပါမယ်၊ သူ့အပြော မဟုတ်ဘူး၊ ဘုရားဆီက သူကြားနာဖူးတယ်၊ သင်ယူခဲ့ဖူးတယ်၊ မြတ်စွာဘုရားရဲ့ အံ့ဩဖွယ်ကောင်းတဲ့ ဂုဏ်ထူးဝိသေသတွေကို ဘုရားထံက သူတိုက်ရိုက်ကြားခဲ့တာ၊ ကိုယ်တိုင်ကြားခဲ့ရတဲ့ စကားတွေကို ဘုရားကို ပြန်ပြီးတော့ အံ့ဩဖွယ်တွေနဲ့ ပတ်သက်ပြီးတော့ လျှောက်တယ်။

အဲဒီလို လျှောက်တဲ့အထဲမှာ အခု ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ဘုရားအလောင်းတော်တွေ မွေးဖွားလာတာနဲ့ ပတ်သက်မှုတွေ အများကြီး ပါလာ

တယ်ပေါ့၊ စလျှောက်တဲ့အခါ မြတ်စွာဘုရားဆီက သင်ယူမှတ်သားထားတဲ့ သုတ္တန်တစ်ခုကို ဦးတည်ပြီး တော့ ရှင်အာနန္ဒက လျှောက်တာ။

တပည့်တော် ကြားဖူးတဲ့အတိုင်း လျှောက်ပါ မယ်၊ မြတ်စွာဘုရားထံက တချိန်တခါတုန်းက အရှင်ဘုရားဟောတာကို တပည့်တော် မှတ်သား နာယူခဲ့ရပါတယ်၊ ရှင်အာနန္ဒာဆိုတာ ဘယ်တော့ ဖြစ်ဖြစ် သူပြန်ပြောတဲ့ စကားတွေထဲမှာ "ဧဝံ မေ သုတံ"ဆိုတာ ပါတယ်၊ သူ့ရဲ့ လက်သုံးစကားပဲ၊ ဧဝံမေသုတံ ဆိုတဲ့ အဓိပ္ပါယ်က သာမန်အားဖြင့် ဘာသာပြန်မယ်ဆိုရင် မြတ်စွာဘုရားဆီက ဒီလို ကြားခဲ့တယ်ဆိုတာ အရပ်ထဲ သူပြောလူပြော ကြားတဲ့ အကြားမျိုးမဟုတ်ဘူး၊ ဒီလိုဆိုလိုတာ မဟုတ်ဘူး၊ အခုလိုကြားခဲ့တယ် အင်္ဂလိပ်လို ဘာသာပြန်တဲ့ အခါကျတော့လည်း Thus have heard ဒီလို ကြားခဲ့ရပါတယ်၊ ကြားရုံ ကြားခဲ့တယ်ဆိုတဲ့ စကား

ဟာ အလွန်ပေါ့တယ်၊ ဟိုလူပြောလို့ ကြားခဲ့တာ ဒီလူပြောလို့ကြားခဲ့တာ ဒါမျိုးမဟုတ်ဘူး၊ ဒါကြောင့်မို့ သုတဆိုတဲ့ စကားလုံးဟာ ကြားရုံမျှမကဘူး၊ ကြားပြီးတဲ့အခါ သင်ယူမှတ်သားထားခဲ့ပါတယ်လို့ ဒီလိုဆိုလိုတာ။

ဒါကြောင့်မို့ ဧဝံမေသုတံကို ကျကျနန အဓိပ္ပါယ်ပြန်ရင် Thus have heard ဘုရားထံက ဒီစကားတွေ သင်ယူမှတ်သားခဲ့ပါတယ်လို့ ဒီလိုပြောရမှာ၊ ဆရာသမားဆီက သင်ထားတာ၊ မြတ်စွာဘုရားဆီက ဒီဂုဏ်ထူးဝိသေသတွေ မြတ်စွာဘုရားဟောတုန်းက မမေ့မပျောက်အောင် မှတ်သားနာယူပြီး သင်ထားတာလို့ ဒီလိုဆိုလိုတယ်။

ဧဝံမေသုတံလို့ ပြောလိုက်ခြင်းအားဖြင့် ရှင်အာနန္ဒာက ဒါသူ့စကားမဟုတ်ဘူး၊ ဘုရားစကား၊ သူ့စကားဆိုရင် အလေးအနက်ထားချင်မှ ထားကြမှာ၊ ဒါကြောင့်မို့ ဘုရားဆီက သူကိုယ်တိုင်

ကြားခဲ့တာ ဒါသူ့စကား မဟုတ်ဘူး၊ ဘုရားစကား ဆိုတော့ မယုံကြည်တဲ့ ပုဂ္ဂိုလ်တွေအတွက် ယုံကြည်မှု ကို ဖြစ်စေတယ်၊ သူပြောမဲ့ စကားတွေအပေါ်မှာ လည်း မြတ်စွာဘုရားရဲ့ စကားတွေပါလားလို့ ဆိုပြီး ပိုပြီးတော့ လေးစားလာကြတာမျိုးတွေလည်း ဖြစ်နိုင် တယ်။

ဒါကြောင့်မို့ ဧဝံမေသုတံ ဆိုတဲ့ စကားလုံး ဟာ အင်မတန်မှ ထူးခြားတဲ့ အဓိပ္ပါယ်ကို ဖော်ဆောင် တယ်။ မြတ်စွာဘုရား အဆုံးအမ သာသနာတော်မှာ ဧဝံမေသုတံဆိုတဲ့ စကားလေးတစ်ခွန်းဟာ မယုံကြည် မှုတွေကို ပယ်ဖျက်နိုင်တယ်၊ ယုံကြည်မှုကို တိုးတက် စေနိုင်တယ်၊ လောကမှာ hear say သူပြောလူပြော တွေ ကြားလာတာ၊ ကောလဟာလတွေကို ဟိုက ကြားလို့ပြော ဒီကကြားလို့ပြော အတည်ပြုချက်မရှိတဲ့ သတင်းကိုပြောတာ၊ ရှင်အာနန္ဒ ပြောတဲ့စကားက အဲဒါမျိုးမဟုတ်ဘူး၊ မြတ်စွာဘုရားထံက တိုက်ရိုက်

သင်ယူမှတ်သား နာထားခဲ့တဲ့ စကားလုံးကို တိတိကျကျ ဘုရားဟောတဲ့အတိုင်း ပြန်ပြောတာလို့ ဒီလိုဆိုတယ်။

ရှင်အာနန္ဒက မြတ်စွာဘုရားထံက တပည့်တော် မှတ်သားနာယူခဲ့တဲ့အတိုင်း လျှောက်ပါမယ်၊ ဗောဓိသတ္တဆိုတာ ဘုရားလောင်းကို ခေါ်တယ်၊ ဗောဓိဆိုတာ အသိဉာဏ်ပေါ်မှာ သတ္တဆိုတာ တကယ့်ကို ဆန္ဒ ပြင်းထန်တဲ့ ပုဂ္ဂိုလ်လို့ ဒီလိုပြောတာ၊ တစိုက်မတ်မတ် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ဖို့ အတွက် ကြိုးစားအားထုတ်လာတဲ့ ပုဂ္ဂိုလ်ကို ဗောဓိသတ္တလို့ ခေါ်တယ်။

နောက်တစ်မျိုးက "ဗောဓိယာ သတ္တော ဗောဓိသတ္တော"ဆိုတဲ့ အဓိပ္ပါယ်က သူများထက် ထူးခြားတဲ့ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကို ဗောဓိသတ္တလို့ ခေါ်တယ်။ ဘယ်ကိစ္စမှာပဲ ဖြစ်ဖြစ် အင်မတန်မှ အသိဉာဏ် ထက်မြက်တယ်၊ သာမန်ပုဂ္ဂိုလ်တွေ

မစဉ်းစားနိုင်တဲ့ ကိစ္စတွေ မသိနိုင်တဲ့ ကိစ္စတွေ ဘုရားအလောင်းတွေက သိကြတယ်၊ ဉာဏ်ရည်ဉာဏ်သွေးဟာ သူများထက် ထက်မြက်တယ်။

သာမန်ပုဂ္ဂိုလ်တွေတောင် ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်နဲ့ ဉာဏ်မထက်တဲ့ပုဂ္ဂိုလ် အလွန်ကွာတယ်၊ ဉာဏ်ဆိုတဲ့နေရာမှာ သင်လို့ မှတ်ထားတဲ့ဟာမျိုးကို ပြောတာမဟုတ်ဘူး၊ ဘယ်ကိစ္စပဲဖြစ်ဖြစ် သူက စဉ်းစားဉာဏ်နဲ့ မမြင်ဘူး မကြားဘူးသော်လည်း စဉ်းစားဉာဏ်ကို အသုံးပြုပြီး မှန်ကန်တဲ့အရာကို ရယူနိုင်တာကို ဉာဏ်လို့ခေါ်တယ်။

အင်္ဂလိပ်စကားမှာ Knowledge, Wisdom ကို ခွဲတဲ့အခါမှာ Wisdom ဆိုတာ တကယ့်ပင်ကို ဉာဏ်ကိုပြောတာ၊ Wisdom ဆိုတာ အကြောင်းအရာ တစ်ခုကို ဆင်ခြင်သုံးသပ်ပြီ ဆိုလို့ရှိရင် သင်ထားလို့ သိတာ မှတ်ထားတာ မှတ်ဉာဏ်၊ သင်ထားလို့သိတာ မဟုတ်ဘဲနဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်

ပြီးတော့ အမှန်တရားကို ရယူနိုင်တာကို Wisdom ပင်ကိုဉာဏ်လို့ ဒီလိုပြောတယ်၊ ပြောပြထားလို့ နားလည်နေတာ ပြောပြထားလို့ သိနေတာတွေကို Wisdomလို့ ပြောတာ၊ ဘုရားအလောင်းတွေကျတော့ Knowledge လည်းရှိတယ်၊ Wisdom လည်းရှိတယ်၊ ဒီလိုပြောရမှာပေါ့၊ Wisdom အင်မတန်မှ အားကောင်းတယ်၊ ပင်ကိုဉာဏ်တွေ အင်မတန်မှ ထက်မြက်တယ်၊ ဒါကြောင့်မို့ ဗောဓိယာ သတ္တော ဗောဓိသတ္တော အသိဉာဏ် ထက်မြက်တဲ့ ပုဂ္ဂိုလ်လို့ ဒီလိုပြောတာ။

ကောင်းပြီ ရှင်အာနန္ဒမထေရ်မြတ်က လျှောက်တယ်၊ ဗောဓိသတ္တ ဆိုတဲ့ ဘုရားအလောင်းတော်တွေဟာ ပါရမီပြည့်တဲ့ နောက်ဆုံးဘဝမှာ (ဂေါတမမြတ်စွာဘုရားဆိုရင်) ဝေဿန္တရာမင်းဘဝမှာ ပါရမီ ပြည့်တာ။

ပထမဆုံးလည်း ဒါနပါရမီနဲ့ စခဲ့တာ၊

နောက်ဆုံးလည်း ဒါနပါရမီပဲ၊ ဘုရားအလောင်း ဝေဿန္တရာမင်း မွေးဖွားလာတဲ့ အခါမှာ မွေးဖွား ပြီးပြီးခြင်း စကားပြောတယ်၊ မွေးပြီးစ စကားပြော တယ်ဆိုတာ သုံးဘဝ ရှိတယ်၊ ဝေဿန္တရာမင်းဘဝ တစ်ဘဝ အပါအဝင်ပဲ၊ ဝေဿန္တရာ မင်းသားလေး မွေးဖွားလာတဲ့ အခါမှာ မိခင်ဝမ်းက မွေးဖွား ပြီးတဲ့ အခါမှာ လက်ကလေးဖြန့်ပြီး "အမေ ဘာလှူစရာ ရှိလဲ"လို့ တောင်းတယ်၊ လှူချင်တာ၊ လှူစရာလေး တစ်ခုကို သူတောင်းတယ်၊ ဘာလှူရမလဲ၊ သူများကို ဘာပေးရမလဲ၊ သူ့လက်ထဲမှာ ဘာမှပါမလာဘူး၊ "မေမေ ဘာပေးရမလဲ "ဆိုတဲ့စကားက သူစပြော တယ်၊ "အလှူ့ရဲ မင်းဝေဿံ"လို့ စကားပုံရှိတယ်။

လှူလိုက်တာ နောက်ဆုံးမှာ တိုင်းပြည်က နှင်ထုတ်ခံရသည်ထိအောင် လှူတာ၊ နောက်ဆုံး တောထဲရောက်တော့လည်း လှူနေတာပဲ၊ အဲဒီ နောက်ဆုံးဘဝမှာ ကြီးလှူသွားတာ၊ အဲဒီလို ဒါန

ပါရမီမှာ အလွန်ရင့်ကျက်တယ်၊ ဒါနတင်မကဘူး၊ သီလတို့ ခန္တီတို့ ကျန်တဲ့ ပါရမီတွေပါ အကုန်လုံး ဖြည့်ကျင့်ပြီး ပြီးပြည့်စုံတဲ့ ဘဝမျိုးနဲ့ နောက်ဆုံးမှာ ဝေဿန္တရာမင်းဘဝ ဆုံးသွားတဲ့ အခါမှာ ဘုရား အလောင်းတွေရဲ့ ထုံးတမ်းစဉ်လာအရ အင်မတန်မှ အေးချမ်းပြီး နှစ်သက်စရာကောင်းတဲ့ တုသိတာ နတ်ပြည်ကို ရောက်သွားတယ်။

ဘုရားလောင်းရဲ့ ထူးခြားချက် နံပါတ်(၁) အံ့ဩဖွယ်က တုသိတာဘုံကို ရောက်သွားတဲ့အခါမှာ အိပ်မောကျပြီးတော့ ရောက်သွားတာ မဟုတ်ဘူး၊ သိသိသာသာကြီး ရောက်သွားတာ၊ သေတဲ့အခါမှာ လူတွေဟာ တွေဝေပြီးတော့ သေကြတာများတယ်၊ ဘာမှ မသိတော့တဲ့ အနေအထားမျိုးနဲ့ သေသွားကြ တာက များတယ်၊ သမ္မုဠှော ကာလံ ကရောတိ ဆိုတာ တွေတွေဝေဝေနဲ့ သေသွားတာ၊ တချို့ကတော့ တွေတွေဝေဝေနဲ့ သေတာမဟုတ်ဘူး၊ သိသိသာသာနဲ့

သေသွားတာ၊ အကုန်သိနေတယ်၊ မသေခင်ကလည်း သိတယ်၊ သေပြီးတဲ့နောက် မွေးဖွားတဲ့ အချိန်မှာလည်း သိသွားတယ်၊ သတော သမ္ပဇာနော သတိရှိတယ်၊ ဆင်ခြင်တုံတရားရှိတယ်၊ အဲဒီလို သတိမကွာ ဆင်ခြင်ဉာဏ်ပညာနဲ့ပဲ ဝေဿန္တရာမင်းဘဝက သေဆုံးပြီးတော့ တုသိတာ နတ်ပြည်မှာ သွားမွေးတာ၊ အဲဒီအချိန်မှာလည်း ဘုရားအလောင်းလေးဟာ မေ့မေ့မျောမျော ဘာမသိလိုက် ညာမသိလိုက် ဖြစ်သွားတာမဟုတ်ဘူး၊ သိသိသာသာဖြစ်တယ်၊ ဒါဟာ နံပါတ်(၁) ထူးခြားတဲ့ ဂုဏ်ရည်တစ်ခုဘဲ။ အဲဒါမျိုး သာမန်ပုဂ္ဂိုလ်တွေ ဒီလိုဖြစ်နိုင်သလားဆိုရင် အင်မတန်မှရှားတယ်။

နောက်(၂)ခုမြောက် အံ့ဩဖွယ်က တုသိတာ နတ်ပြည်မှာ နတ်စည်းစိမ်ခံစားတဲ့ အခါမှာလည်း ကာမဂုဏ် အာရုံတွေထဲမှာ မေ့မျောပြီးတော့ သတိလက်လွတ် ဖြစ်နေသလားဆိုတော့ မဟုတ်ဘူး၊

တုသိတာနတ်ပြည်မှာ နေသမျှကာလပတ်လုံး အမှတ်တမဲ့ မနေဘူး၊ သတိသမ္ပဇဉ်နဲ့ နေတယ်၊

မြတ်စွာဘုရားက သတိပဋ္ဌာန်ကျင့်စဉ်မှာ (၇)ဌာန သတိကိုလေ့ကျင့်ဖို့ ဟောထားတာရှိတယ်၊ ဘုရားအလောင်းတော်ဟာ အဲဒီလို လေ့ကျင့်ထားသည့်အတွက် သူ့ရဲ့သတိသမ္ပဇဉ်ဟာ ကင်းလွတ်သွားတယ် မရှိဘူး၊ အမြဲတမ်း သတိသမ္ပဇဉ် ကပ်နေတယ်၊ ဘုန်းကြီးတို့တတွေကျတော့ သတိတို့ သမ္ပဇဉ်တို့ဆိုတာ လွတ်သွားတဲ့ အချိန်ကများပြီး ရှိတဲ့အချိန်က အင်မတန်မှနည်းတယ်၊ သတိသမ္ပဇဉ် လွတ်သွားသည့်အတွက်ကြောင့် တစ်ခါတစ်ရံ ရေချိုးခန်းထဲ ချော်လဲလို့ အရိုးကျိုးသွားပြီ၊ တော်ကြာ ခလုပ်တိုက်မိပြန်ပြီနဲ့ သတိသမ္ပဇဉ် အားနည်းပြီဆိုလို့ရှိရင် မဖြစ်သင့်တာတွေ တခုခုဖြစ်တာပေါ့။

(၃)ခုမြောက် အံ့ဩဖွယ်က တချို့နတ်တွေကျတော့ သက်တမ်းစေ့မနေရဘူး၊ ဘုရားအလောင်း

ကျတော့ တုသိတာ နတ်ပြည်ရဲ့ သက်တမ်းစေ့ နေသွားတယ်၊ သက်တမ်းစေ့မှ သေတယ်၊ နတ်သက်ဆိုတာ သတ်မှတ်ချက်ရှိတယ်၊ လူ့ပြည်မှာ အနှစ်(၅၀)ဆိုရင် စတုမဟာရာဇ်နတ်ပြည်မှာ တစ်ရက်၊ အဲဒီတစ်ရက်နဲ့တွက်တဲ့ အနှစ်(၅၀၀) သူတို့ အသက်ရှည်တယ်၊ ဒီလိုဆိုလိုတယ်၊ အဲဒီလိုသက်တမ်းတွေပြည့်အောင် နေသွားတာလည်း ထူးခြားချက်တစ်ခုပဲ။

နောက်(၄)ခုမြောက် အံ့ဩဖွယ်က တုသိတာနတ်ပြည်ကနေ နတ်တွေက ဝိုင်းတောင်းပန်လို့စုတေပြီး လူ့ပြည်မှာ ဘုရားဖြစ်ဖို့ မယ်တော်ဝမ်းထဲမှာ သန္ဓေတည်တဲ့ အခါမှာလည်း သာမန်ပုဂ္ဂိုလ်တွေလို သတိလက်လွတ် ဖြစ်သွားတာမျိုး မဟုတ်ဘူး၊ မြတ်စွာဘုရားအလောင်းတော်က တုသိတာ နတ်ပြည်ကနေ မယ်တော်ဝမ်းထဲ သန္ဓေခတဲ့ အခါမှာလည်း သတိသမ္ပဇဉ် အပြည့်ဘဲလို့ ဒီလိုဆိုတာ။

ဘယ်နေရာသွားမယ်၊ ဘယ်သူ့ဝမ်းထဲမှာ သူ

ဖြစ်ရမယ် ဆိုတာတွေကို သတိသမ္ပဇဉ် ရှိတယ်၊ တုသိတာ နတ်ပြည်က ဆင်းလာပြီးတော့ မယ်တော် ဝမ်းထဲ ဝင်သွားတာ ဒီလိုတော့ မအောက်မေ့လေနဲ့၊ တုသိတာနတ်ပြည်မှာ စုတိစိတ်ကျတယ်၊ ရုပ်တွေ နာမ်တွေ လုံးဝပျောက်ကွယ်သွားတယ်၊ ကံကြောင့် မယ်တော်ဝမ်းထဲမှာ အသစ်ဖြစ်တယ်၊ ဒီလိုပဲအဓိပ္ပါယ် ယူရတယ်၊ ဒါကိုပဲ အရပ်စကားနဲ့ပြောတော့ မယ်တော်ဝမ်းထဲမှာ သန္ဓေခတယ်လို့ပြောတာ၊ စာထဲမှာ ဝမ်းထဲဝင်လာတယ်လို့ သုံးတယ်။ ဒါအရပ်စကားနဲ့ ပြောတာ၊ တကယ့် ပရမတ္ထစကားနဲ့ ပြောတဲ့အခါကျတော့ အဲဒီလိုမဟုတ်ဘူး၊ စုတိစိတ် ချုပ်လိုက်တာနဲ့ တပြိုင်နက် ပဋိသန္ဓေစိတ် ပေါ်လာတာ စုတိစိတ်လို့ ခေါ်တဲ့ တုသိတာဘဝရဲ့ နောက်ဆုံးစိတ်လေး ဖြစ်လိုက်တာဟာ ဖြစ်လိုက်တာနဲ့ တပြိုင်နက် စုတိစိတ်ကလေး မရှိတော့ဘဲ နောက်မှာ ချက်ချင်းပဲ ပဋိသန္ဓေစိတ်ဆိုတာ မယ်တော်ဝမ်းမှာ လာပေါ်

တယ်၊ ဒါကိုပဲ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော လို့ပြောတာ၊ ရှေ့က စိတ်တစ်ခု ချုပ်သွားတဲ့အခါမှာ နောက်ထပ် စိတ်တစ်ခုပေါ်လာတယ်၊ ဒါက အမှန် ယူရမယ့် အဓိပ္ပါယ်ပဲ။

သို့မဟုတ်လို့ရှိရင် တုသိတာ နတ်ပြည်က ဆင်းလာပြီးတော့ မယ်တော့ဝမ်းထဲ ဝင်သွားတယ် ဆိုတာ အရပ်စကားနဲ့ပြောတာ၊ အဲဒီလိုဝင်တာမျိုး မဟုတ်ဘူး၊ မဝင်ခင်တော့ စိတ်ညွတ်တယ်၊ စိတ် ဆိုတာ ညွတ်လို့ရတာပဲ၊ လူဟာလည်း အေး ပြင်ဦး လွင် သွားဦးမှပဲ ဆိုပြီးတော့ စိတ်အရင်ညွတ်တာပဲ၊ နေပြည်တော်ကလာတဲ့ လူပဲဖြစ်ဖြစ်၊ ရန်ကုန်က လာတဲ့ လူပဲဖြစ်ဖြစ်၊ ဒီပတ်ဝန်းကျင်ကလာတဲ့ လူပဲဖြစ်ဖြစ်၊ တရားပွဲသွားလိုက်ဦးမယ်ဆိုရင် စိတ် ညွတ်တာ အရင်ပဲ၊ အဲဒီ စိတ်ညွတ်မှုပဲရှိတာ၊ ဒီလို ဆိုလိုတာ။

နောက်(၅)ခုမြောက်အံ့ဩဖွယ်က မယ်တော်

ဝမ်းထဲမှာ သန္ဓေခပြီးတာနဲ့ တပြိုင်နက် လောကကြီး တခုလုံးမှာ ကြီးမားတဲ့ အလင်းရောင်ကြီး ပေါ်လာတယ်၊ ဘာနဲ့မှမတူတဲ့ အလင်းရောင်ကြီး တစ်ခု ဖြစ်ပေါ်လာတယ်၊ အဲဒီအလင်းရောင်ကြီးက အမှောင်လုံးဝကင်းသွားအောင်၊ အမှောင်မရှိတဲ့ အလင်းရောင် မျိုးကြီးဖြစ်တယ်၊ သာမန် နေတွေလတွေလင်းတဲ့ အလင်းထက် ရာထောင်ပေါင်းများစွာ ကြီးမားတယ်။

ဘာဖြစ်လို့တုန်းဆိုတော့ ကမ္ဘာကြီး တည်နေပုံကို သာမန်လူတွေ အနေနဲ့တော့ မြင်နိုင်မယ် မဟုတ်ဘူး၊ ဘုန်ကြီးတို့နေတဲ့ စကြာဝဠာကြီးက တစ်ခု၊ အခုခေတ်လိုဆိုရင် ကောင်းကင်မှာ ဂြိုဟ်ကြီး တစ်ခု၊ အဲဒီ စကြာဝဠာတွေဟာ ကောင်းကင်ယံမှာ အနန္တရှိတယ်၊ စကြာဝဠာသုံးခု ဆုံတဲ့ကြားမှာ အင်မတန်မှ မှောင်ကျနေတဲ့ လောကန္တရိက်ဆိုတဲ့ နေရာ တစ်ခုရှိတယ်၊ အဲဒါကို လောကန္တရိက်ငရဲလို့ ခေါ်တယ်။

လူ့ဘဝမှာ အမေလည်း စော်ကားတယ်၊ အဖေလည်း စော်ကားတယ်၊ အင်မတန်မှ ကြမ်းတမ်းရက်စက်တဲ့ ပုဂ္ဂိုလ်မျိုးတွေဟာ အဲဒီအမှောင်ထုကြီးထဲမှာ သွားပြီးဖြစ်လေ့ရှိတယ်၊ လောကန္တရိက်ငရဲကြီးဆိုတာ နေရောင် လရောင်လည်း မရောက်ဘူး၊ အပူလည်းမရောက်ဘူး လောကန္တရိက် ငရဲကြီးအတွင်း ငရဲသားတွေဟာ လင်းနို့တွေလိုပဲ နံရံတွေမှာ တွယ်ဖက်ပြီး ဖြစ်နေကြတာ၊ တစ်ဦးနဲ့တစ်ဦး တွေ့မိလို့ရှိရင် အစာထင်ပြီးတော့ဟပ်လိုက်တဲ့ အခါ ပြုတ်ကျတယ်၊ အောက်ချေက သိပ်အေးတဲ့ ဆားငန်ရေထဲမှာ တခါတည်း အရည်ပျော်ထွက်သွားတယ်၊ အေးလွန်းရင်လည်း အရည်ပျော်သွားတာပဲ၊ အေးလို့ရှိရင်လည်း လူကိုယ်ကာယ ပျက်စီးတာပဲ၊ ပူလွန်းရင်လည်း ပျက်စီးတာပဲ၊ အပူလောင်သွားတာက တစ်မျိုး၊ အအေးလောင်သွားတာလည်း ရှိသေးတယ်၊ အအေးလောင်သွားတာကို အင်္ဂလိပ်လို troze bite

လို့ခေါ်တယ်၊ ဝေရတ်တောင်တို့လို အင်မတန်မှ အေးတဲ့နေရာ တက်တဲ့သူတွေရဲ့ နှာခေါင်းဖျား လေးတွေ၊ နားရွက်ဖျားလေးတွေဟာ မဲသွားတာ၊ သွေးမရောက်တဲ့အခါကျတော့ မဲနေတာ၊ အဲဒါကို troze bite လို့ ခေါ်တယ်၊ အအေးကိုက်တာ မြတ်စွာ ဘုရားက "သီတေနပိ ရုပ္ပတိ" အအေးကြောင့်လည်း ပျက်စီးတယ်၊ ပြောင်းလဲတယ်၊ "ဥဏှေနပိ ရုပ္ပတိ" အပူကြောင့် လည်းပျက်စီးတယ်၊ ဒါဟာ ရုပ်ရဲ့ သဘာဝပဲ။

အဲဒီလို လောကန္တရိက် ငရဲကြီးမှာ နံရံကနေ ပြုတ်ကျသွားပြီဆိုလို့ရှိရင် သိပ်အေးတဲ့ ရေထဲ ရောက်သွားပြီး ချက်ချင်းအရည်ပျော်သွားတယ်၊ အဲဒီ လောကန္တရိက် ငရဲတောင်မှပဲ ဘုရားလောင်း သန္ဓေခ လိုက်တဲ့အခါမှာ အလင်းရောင်ရသွားတယ်၊ အလင်း ရောင် ရသွားချိန် အဲဒီ ခဏလေးမှာ ငရဲသားတွေဟာ တစ်ယောက်နဲ့တစ်ယောက် မြင်လိုက်ကြရတယ်၊

"ငါလိုသတ္တဝါတွေ ဒီထဲမှာ ရှိပါသလား"လို့ သိလိုက်ရတယ်၊ နတ်တွေရဲ့ အလင်းရောင်ထက် သာတယ်၊ အင်မတန် ကြီးမားတဲ့ အလင်းရောင်ကြီးဟာ ဘုရားအလောင်း သန္ဓေတည်တဲ့အချိန်မှာ ပေါ်လာတယ်။

ဒါတင်မကဘူး စကြဝဠာ ကုဋေတစ်သောင်း လျှောင်လှုပ်တယ်၊ သိမ့်သိမ့်ခါ တုန်သွားတယ်၊ အထိမ်းအမှတ် တစ်ခုအနေနဲ့ ဩဘာပေးတဲ့အနေနဲ့ လျှောင်လှုပ်သွားတယ်။

(၅)ခုမြောက် အံ့ဩဖွယ်က အဲဒီလို ဘုရားအလောင်းလေး သန္ဓေတည်နေတဲ့ အချိန်မှာ အရပ်လေးမျက်နှာက မမြင်ရတဲ့ နတ်သားလေးယောက်ဟာ Security လာယူကြတယ်၊ စောင့်ကြပ်ကြတယ်၊ ဒါ ဘုရားလောင်းရဲ့ကံကြောင့် လာပြီးတော့ သူ့အလိုအလျောက်စောင့်ကြပ်ကြတာ၊ ဘေးရန်အန္တရာယ်တွေ မရောက်ဖို့ အဲဒီ နတ်သားလေးယောက်က စောင့်ရှောက်ကြတယ်။

(၇) ခုမြောက် အံ့ဩဖွယ်က ဘုရား အလောင်းလေး သန္ဓေခလိုက်တာနဲ့ တစ်ပြိုင်နက် မယ်တော်ဟာ သာမန်အနေအထား မဟုတ်ဘဲနဲ့ ပကတိရိုးရာကိုက ငါးပါးသီလ လုံပြီးသား ဖြစ်သွား တယ်၊ ပါဏာတိပါတ၊ အဒိန္နာဒါနစသည် တစ်ခုမှ မကျူးလွန်ဘူး၊ ငါးပါးသီလ လုံခြုံသွားတယ်။

နောက်(၈)ခုမြောက် အံ့ဩဖွယ်က ဘုရား အလောင်းလေး သန္ဓေခနေတဲ့ အချိန်မှာ မယ်တော်မှာ ဆန့်ကျင်ဖက်လိင်နဲ့ ပတ်သက်ပြီး မည်သည့် ယောကျ်ားကမှ မလွန်ဝန့်ဘူး၊ ကာမဂုဏ်စိတ်တွေ မဖြစ်ဘူး၊ (၉)ခုမြောက်အံ့ဩဖွယ်က ကာမဂုဏ် စိတ်တွေ မဖြစ်ပေမယ့်လို့ မယ်တော်မှာ လိုလေသေး မရှိအောင် ပြီးပြည့်စုံခဲ့တယ်၊ မျက်စေ့ကလည်း ကောင်းတာကိုပဲ မြင်ရတယ်၊ နားကလည်း ကောင်းတာကိုပဲ ကြားရတယ်၊ နှာခေါင်းကလည်း မွှေးကြိုင်တဲ့ ရနံ့လေးပဲရှူရတယ်၊ လျှာကလည်း

ကောင်းတဲ့အရသာ၊ ခန္ဓာကိုယ်ကလည်း ကောင်းတဲ့ အထိအတွေ့တွေ ပြည့်ပြည့်ဝဝ အလိုကျပြီးတော့ ဘုရားအလောင်းလေးရဲ့ အစွမ်းသတ္တိဟာ မယ်တော် ထိအောင် အကျိုးသက်ရောက်ပြီး မယ်တော်ကြီးဟာ လိုတရ အနေအထားမျိုး ရောက်ရှိတယ်။

(၁၀)ခုမြောက် အံ့ဩဖွယ်က ဘုရား အလောင်းလေး သန္ဓေနေတဲ့အချိန်မှာ မယ်တော်ကြီး မှာ ဘာရောဂါမှ မဖြစ်ဘူး၊ အင်မတန်မှ ကျန်းမာ တယ်၊ ကျန်းမာရုံတင်မကဘူး၊ ဝမ်းထဲမှာ သန္ဓေခ နေတဲ့ ဘုရားအလောင်းလေးကို ဖန်ပေါင်းချောင် ထဲမှာရှိနေတဲ့ ရုပ်ဆင်းတုကို မြင်နေရသလို မယ်တော် က သူ့ဝမ်းထဲက ကလေးကိုမြင်နေရတယ်၊ ဒါလည်း အင်မတန်မှထူးခြားတာ၊ သာမန်အားဖြင့်တော့ မမြင်နိုင်ဘူးပေါ့၊ အဲဒီလို ဘုရားလောင်းလေးကို မြင်နေရတယ်လို့ ဒီလို ဆိုလိုတာ။

(၁၁)ခုမြောက် အံ့ဩဖွယ်က ဘုရား

အလောင်းလေးဟာ ဆယ်လပြည့်မြောက်တဲ့အခါ ဖွားမြင်တယ်၊ ဘုရားအလောင်း ဖွားမြင်ပြီးတဲ့နောက် (၇)ရက်မြောက်တဲ့နေ့မှာ မယ်တော်ကံကုန်ပြီး တုသိတာနတ်ပြည်မှာ ဖြစ်တယ်၊ ဒါဟာလည်း ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာတစ်ခုလို့ ဆိုတယ်၊ ဘုရားအလောင်းတွေရဲ့ မယ်တော်တွေတိုင်းဟာ ဒီအတိုင်းချည်းပဲ၊ မယ်တော်တွေဟာလည်း တော်တော်အသက်ကြီးမှပဲ သားယောကျ်ားလေးတစ်ဦးပဲ ထွန်းကားလေ့ရှိတယ်၊ ဘုရားအလောင်းလေးရဲ့ မယ်တော်တောင်မှပဲ တွက်ချက်ကြည့်တဲ့ အခါမှာ အသက်(၅၀)ကျော်လောက်မှပဲ သန္ဓေတည်တယ် ဆိုတဲ့ အဓိပ္ပါယ်ရတယ်။

(၁၂)ခုမြောက် အံ့ဩဖွယ်က သာမန်လူတွေဟာ ကိုးလနဲ့ ဖွားတာရှိတယ်၊ ဆယ်လနဲ့ ဖွားတာရှိတယ်၊ ခုနစ်လနဲ့ လည်းဖွားတယ်၊ ရှစ်လနဲ့လည်း ဖွားတယ်၊ အဲဒီလို ဆယ်လမပြည့်မီ အမျိုးမျိုး မွေးဖွား

ကြတယ်၊ ဘုရားလောင်းကျတော့ ဆယ်လတိတိ ပြည့်မှ မွေးဖွားတယ်၊ ဒါလည်း ထူးခြားချက်တစ်ခုပဲ။

ခုခေတ်တော့ ဖွားချင်တဲ့နေ့ကို ဖွားလို့ရတယ်ထင်ပါရဲ့ တစ်ချို့ကလည်း စနေသားဖြစ်ချင်တော့ စနေနေ့ မလွန်အောင်ဆိုပြီး မွေးတာတွေလည်းရှိတယ်၊ ဗေဒင်တွေတော့ မှားကုန်လား မသိဘူး၊ ကိုယ်ကြိုက်တဲ့နေ့ကို ဖွားလို့ရအောင်လုပ်တယ်၊ ရက်ကောင်းလို့ဆိုပြီး ရွေးကြတယ်၊ ဘုရားအလောင်းကျတော့ ဆယ်လတိတိပြည့်မှပဲ ဖွားတယ်။

(၁၃)ခုမြောက် အံ့ဩဖွယ်က လောကမှာ အများစုက ထိုင်လျက်နဲ့အိပ်လျက် ဒီနှစ်မျိုးနဲ့ မွေးဖွားကြသော်လည်း ဘုရားလောင်းလေးကို မွေးဖွာတဲ့ အခါကျတော့ မယ်တော်ဟာ မတ်တပ်ရပ်လျက် မွေးဖွားတယ်၊ မတ်တပ်ရပ်နဲ့ မွေးဖွားတာဟာ မွေးဖွားမှု လွယ်ကူတယ်လို့လဲ တစ်ချို့က ဆိုကြတယ်။

ဘုရားလောင်းလေး မွေးဖွားတဲ့ရပ်ထု ပုဂ်

အာနန္ဒာဘုရားမှာလည်း ရှိတယ်၊ မယ်တော်မာယာ ဟာ လုမ္ဗိနီအင်ကြင်းကိုင်း ကိုင်နေတဲ့ပုံဘေးက မိထွေးတော်ဂေါတမီနဲ့ အထိန်းအရံတွေ စောင့်ကြပ် နေတဲ့ပုံ၊ အဲဒီလို ဘုရားအလောင်းဖွားတော်မူတဲ့ အခန်းပြတယ်၊ အဲဒီမှာ မယ်တော်မာယာရဲ့ ခါးပေါ် မှာ ကလေးလေး ပါတတ်တယ်၊ အဲဒီရုပ်ထုလေး တွေ့ရင် ဒါဟာ မဟာယာနတွေရဲ့ အယူအဆ၊ ဘုရားအလောင်းတော်ဟာ မွေးရိုးမွေးစဉ် မွေးတာ မဟုတ်ဘူး၊ ဗိုက်ဖောက်ထွက်ပြီး မွေးတယ်လို့ ယူဆတယ်၊ ဒါကြောင့်မို့ ခါးအထက်မှာ ဘုရား အလောင်းလေးရဲ့ပုံလေး ပါသေးတယ်၊ အဲဒီသင်္ကေတ လို့ ဒီလိုမှတ်သားရတယ်။

ထေရဝါဒစာပေကျမ်းဂန်မှာတော့ အဲဒီလို မဆိုဘူး၊ မွေးရိုးမွေးစဉ်မွေးတာပါ၊ အဲဒီ ရုပ်ထုမျိုး တွေ့တဲ့အခါမှာ သေသေချာချာ ကြည့်ပါ၊ ခါး အထက်မှာ ကလေးလေး ပါနေတယ်ဆိုရင် ဒါဟာ

ခါးကဖွားတယ်ဆိုတဲ့ အယူအဆတစ်ခုအနေနဲ့ ထုထားတယ်လို့ ဒီလိုမှတ်ရမယ်။

(၁၄)ခုမြောက် အံ့သြဖွယ်က ဘုရားအလောင်းကို မွေးဖွားလိုက်တာနဲ့တပြိုင်နက် နတ်တွေက ပထမခံယူလိုက်တယ်၊ မတ်တပ်ရပ်လျက် မွေးတာဆိုတော့ ဘုရားအလောင်းတော်လေး အောက်ပြုတ်မကျအောင် ပထမဆုံး နတ်တွေက ခံယူလိုက်တယ်၊ ပြီးမှ လူတွေရဲ့လက်ထဲကို ရောက်တာ ဒီလိုဆိုတယ်။

(၁၅)ခုမြောက် အံ့သြဖွယ်ရာက ဘုရားအလောင်းလေးမြေပေါ်မကျခင် နတ်တွေက ခံယူထားပြီး မိခင်ရဲ့ရှေ့ထားပြီး "မိခင်ကြီး ဝမ်းမြောက်ပါ၊ ဟောဒီမှာ အင်မတန်မှ ဘုန်းကံကြီးတဲ့ သားကလေးတစ်ဦး ဖွားမြင်ပါတယ်"လို့ နှစ်သိမ့်စကား ပြောကြားတယ်။

(၁၆)ခုမြောက် အံ့သြဖွယ်က ဘုရားအလောင်းလေး မွေးဖွားလာတဲ့အခါမှာ ပေရေပြီး

တော့ မွေးဖွားတာမဟုတ်ဘူး၊ သာမန်ပုဂ္ဂိုလ်တွေဆိုရင် ညစ်ပေပြီး မွေးဖွားတာ၊ ဘုရားအလောင်းလေးကျတော့ အဲဒီလို မဟုတ်ဘူး၊ ကြာပန်းဟာရေထဲဘယ်လိုနှစ်နှစ် ရေမလူးဘူး၊ ဘုရားအလောင်းလေးဟာ မိခင်ဝမ်းထဲမှာနေပေမယ့် အညစ်အကြေးတစ်ခုမှမလူးဘူး၊ ကြာပန်းလေး ရေမလူးသလိုဘုရားအလောင်းလေးရဲ့ ခန္ဓာကိုယ်ပေါ်မှာအညစ်အကြေးတွေ မတင်ဘူး၊ သန့်ရှင်းစင်ကြယ်တယ်။

(၁၇)ခုမြောက် အံ့ဩဖွယ်က ကောင်းကင်ယံကနေ ရေပန်းကြီးနှစ်ခု ပေါ်ထွက်လာတယ်၊ တစ်ခုကအနွေး တစ်ခုက အအေး၊ အဲဒါနဲ့ ရေသန့်စင်ခြင်းကိစ္စပြီးတယ်၊ အညစ်အကြေးကို သန့်စင်တာ မဟုတ်ဘူး၊ ခန္ဓာကိုယ်ရဲ့ အပူအအေးအတွက် ရေနွေးရေအေးနဲ့ ဆေးကြောသန့်စင်ခြင်းကိစ္စအတွက်မယ်တော်ကြီး သန့်စင်ဖို့အတွက်နဲ့ ဘုရားအလောင်း

လေး ဆေးကြောသန့်စင်ဖို့အတွက် အဲဒီ ရေနှစ်မျှာဟာ ကောင်းကင်ယံက ကျလာတယ်လို့ ဒီလိုဆိုလိုတယ်၊ ဒါဟာလည်း ထူးခြားအံ့သြဖွယ်ကောင်းတဲ့ အရာဘဲ။

(၁၈)ခုမြောက် အံ့သြဖွယ်က ဘုရား အလောင်းလေးဟာ မွေးဖွားလို့ ရေမိုးချိုး သန့်စင်ပြီးတဲ့ အချိန်မှာ ခြေစုံမတ်တပ်ရပ်တယ်။

တစ်ချို့က ဒီနေရာမှာ စဉ်းစားကြတယ်၊ ဒီကလေးလေးဟာ မွေးမွေးချင်း မတ်တပ်ရပ်တယ်ဆိုတာ physical body အနေအထားနဲ့ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလားဆိုတော့ စဉ်းစားစရာတစ်ခုက သူများလို နေ့မစေ့လမစေ့ မွေးတာမဟုတ်ဘူး၊ ဆယ်လတင်းတင်းပြည့်မှ မွေးတယ်၊ သူ့ရဲ့သန်စွမ်းမှုက ရှိတယ်၊ ပင်ကိုယ်ကပဲ physical body အနေနဲ့ သန်စွမ်းမှုက ရှိတယ်၊ မဖြစ်နိုင်တာတော့ မဟုတ်ဘူး ဖြစ်နိုင်တယ်၊ သာမန်ပုဂ္ဂိုလ်တွေတော့ ဖြစ်ချင်မှ ဖြစ်နိုင်မယ်၊ ချက်ချင်း မတ်တပ်ရပ်ဖို့ဆိုတာတော့

ဖြစ်နိုင်မှာမဟုတ်ဘူး။

လူတွေ မဖြစ်နိုင်ပေမယ့်လို့ တိရစ္ဆာန်တွေမှာ ဖြစ်တာ တွေ့ရတယ်၊ မြင်းလေးတွေ နွားလေးတွေ မွေးဖွားတယ် ဘုတ်ကနဲ ပြုတ်ကျပြီးတော့ ဘာဖြစ်သလဲဆိုရင် နွားမကြီး၊ မြင်းမကြီးက လျာနဲ့ လျက်လိုက်တာနဲ့ လူးလဲထတော့တာပဲ၊ ပြီးတော့ လျှောက်ပြေးတာတွေ့ရတယ်၊ မွေးပြီးဘာမှ မကြာခင် ထပြေးတာ၊ ဒါမျိုးရှိတယ်။

ဘုရားအလောင်းလေးကလည်း ဆယ်လတင်းတင်းပြည့်မှ ဖွါးတယ်၊ ခွန်အားဗလတွေဟာ ပါရမီဘုန်းကံတွေကြောင့် ခွန်အားဗလ အပြည့်အဝ ရထားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တဲ့အတွက်ကြောင့် မွေးဖွားပြီးတာနဲ့တစ်ပြိုင်နက် မြေပြင်ပေါ်မှာ ခြေစုံရပ်နိုင်တဲ့ အနေအထားမျိုးရတယ်။

ခြေစုံရပ်ပြီးတဲ့အခါ မြောက်ဘက်ကို မျက်နှာလှည့်တယ်၊ မြောက်ဆိုတာ မြင့်မောက်နေတဲ့အရပ်၊

ကမ္ဘာလောကကြီးကိုကြည့်မယ် မြောက်ဘက်က မြင့်တယ် မြင့်မောက်တဲ့ မြောက်ဘက်အရပ်ကို လှည့်ပြီး ခုနစ်လှမ်းလှမ်းတယ်၊ ဘုရားအလောင်း လေးကို ထီးဖြူတွေ အုပ်မိုးပြီးပေးတယ်၊ ခုနစ်ဖဝါး ရွေ့လျားလှမ်းသွားပြီး လောကကြီးကိုရှုစားတယ်၊ ဟိုအရပ် ဒီအရပ် လှည့်ပတ်ပြီး ကြည့်တယ်၊ ကြည့်ပြီး ကြုံးဝါးတဲ့စကားသံ သုံးခွန်းကို ပြောဆိုတယ်၊ (ဘုရား အလောင်းတော်တွေဟာ မွေးပြီးပြီးချင်း စကာပြော တာ သုံးဘဝလို့ ဆိုတဲ့အထဲမှာ ဒီနောက်ဆုံးဘဝမှာ လည်း စကားပြောတယ်၊ နောက်တစ်ဘဝကတော့ မဟော်သဓာဘဝမှာ ဆေးတောင့်လေး ပါလာတဲ့ အခါမှာ သူ့အမေကို လက်ကလေးဖြန့်ပြီးတော့ ဆေးပေးတာ "ဒီဆေးတောင့်လေး ယူလိုက်ပါ"ဆိုပြီး စကားစပြောတာ၊ ဒါကြောင့် စကားပြောတာ သုံးဘဝ ရှိတယ်လို့ဆိုတာ။)

မြောက်အရပ်ရှေးရှုသွားပြီး လောကကြီးကို

ကြည့်လျက် "အဂ္ဂေါဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ" လောကကြီးမှာ ငါအမြတ်ဆုံးပဲလို့ ပြောတာ။

ဘုရားအလောင်းရဲ့ ဘုန်းကံပါရမီတွေကို မှီတဲ့ပုဂ္ဂိုလ်မရှိဘူး၊ ကောင်းကင်ယံကနတ်တွေ ဗြဟ္မာတွေကလည်း သူ့ကိုလက်အုပ်ချီနေတာကို သူမြင်ရတယ်၊ သူက Respect ပေးရမယ့်ပုဂ္ဂိုလ် မရှိဘူး၊ သူ့ကိုအားလုံးက ဦးညွတ်လေးစားနေကြတာကို မြင်တဲ့အခါ အဂ္ဂေါဟမသ္မိ လောကဿ– လောကကြီးထဲမှာငါအမြတ်ဆုံးပဲ၊ ဇေဋ္ဌောဟမသ္မိ လောကဿ– ငါဟာအကြီးအကဲပဲ၊ သေဋ္ဌောဟမသ္မိ လောကဿ– ငါဟာ မြင့်မြတ်တဲ့ပုဂ္ဂိုလ်ပဲ၊ အယမန္တိမာ ဇာတိ–ဒီဘဝဟာ ငါ့အတွက် နောက်ဆုံးဘဝဘဲ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ–နောက်ဘဝ မရှိတော့ဘူး၊ သာမန်ဘဝတွေကတော့ အကြိမ်ကြိမ် မွေးကြမှာဘဲလေ၊ အထူးသဖြင့် တိရစ္ဆာန် ဘဝတွေဆို ခဏခဏ

မွေးတာ၊ လူဖြစ်ဖို့ဆိုတာတောင် နည်းနည်းခက်လာပြီ၊ အခုလို ထူးခြားတဲ့ ပုဂ္ဂိုလ်ဆိုတာ အကြိမ်ကြိမ်ထပ်ပြီးမွေးဖို့ဆိုတာ အင်မတန်မှခဲယဉ်းတယ်၊ ဒါကြောင့်မို့ ဒီဘဝဟာ နောက်ဆုံးဘဝပဲလို့ သူ့ကိုယ်သူပြောဆိုကြွေးကြော်ခဲ့တာ၊ ဒါ(၁၈)ခု မြောက်အံ့ဩဖွယ်ပဲ။

နောက်ဆုံး (၁၉)မြောက် အံ့ဩဖွယ်က ဘုရားအလောင်းလေး မွေးဖွားလိုက်တာနဲ့ တစ်ပြိုင်နက် ကမ္ဘာလောကကြီး တစ်ခုလုံးဟာ အလင်းရောင်တွေနဲ့ လွှမ်းဖုံးသွားတယ် ၊လောကန္တရိတ်ငရဲကြီးအထိတောင် အမှောင်ဆိုတာမရှိတော့ဘူး၊ အားလုံးအလင်းရောင်လွှမ်းဖုံးသွားရုံသာမက ကမ္ဘာမြေကြီးဟာ သိမ့်သိမ့်တုန်ဟည်းသွားခဲ့တယ်။

ဒါက ဒီကာဆုန်လပြည့်နေ့မှာ ဂေါတမဗုဒ္ဓအလောင်းတော် မွေးဖွားလာတဲ့ အခါမှာ ဒီထူးခြားတဲ့အံ့ဩဖွယ်တွေ ဖြစ်ခဲ့တယ်၊ ဒီဖြစ်ခဲ့တယ်ဆိုတဲ့

မှတ်တမ်းကို မြတ်စွာဘုရားကိုယ်တိုင်ကလည်း ပြန်ဟောတယ်၊ ရှင်အာနန္ဒမထေရ်မြတ်ကလည်း မှတ်တမ်းတင်ခဲ့တယ်၊ အဲဒါကို မြတ်စွာဘုရားကို ပြန်လျှောက်တာ။

ဒီကဆုန်လပြည့်နေ့မှာ ဒီလို ဘုရားအလောင်းဘဝနဲ့ ပတ်သက်ပြီး ဖြစ်ပျက်ခဲ့တဲ့ အံ့ဩဖွယ် (၁၉)မျိုးကို ရှင်အာနန္ဒ လျှောက်ထားလို့ ပြီးပြည့်စုံတဲ့အခါ မြတ်စွာဘုရားက "နောက်ထပ် အံ့ဩဖွယ်တစ်ခု မှတ်လိုက်ပါအုံး"လို့ မိန့်ကြားတယ်၊ ဘုရားက ဖြည့်စွက်ပြီးပေးတဲ့ အံ့ဩဖွယ်က ဝိပဿနာ ကျင့်စဉ်နဲ့ ပတ်သက်တယ်။

အဲဒီ ထူးခြားချက်ကတော့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ဝေဒနာလို့ခေါ်တဲ့ စိတ်ရဲ့ခံစားမှုလေးတွေကို ရှင်းရှင်းကြီးသိတာ ဖြစ်တယ်၊ ဘုန်းကြီးတို့ သန္တာန်မှာဆိုရင် စိတ်ရဲ့ ခံစားမှုတွေဟာ ကိုယ်က မသိလိုက်တာတွေ များတယ်၊ အလွန်ဝမ်းသာတဲ့

အခါမှသာ အမလေး ပျော်လိုက်တာတို့, ဝမ်းသာလိုက်တာတို့ ပြောတာ၊ သိပ်ဝမ်းနည်းမှသာ ဝမ်းနည်းတယ်ဆိုတာ သိလိုက်တာ၊ သာမန်ဝမ်းသာတာ သာမန်ဝမ်းနည်းတာတို့ကို သိလိုက်တာ ခပ်ရှားရှားပဲ၊ စိတ်ရဲ့ခံစားမှုကို မသိလိုက်ကြဘူး၊ ဝမ်းသာဝမ်းနည်းမဟုတ်တဲ့ ချမ်းသာလည်းမဟုတ် ဆင်းရဲလည်းမဟုတ်ဘူးဆိုတဲ့ အဒုက္ခမသုခဝေဒနာကို သိဖို့ဆိုတာ အင်မတန်မှခဲယဉ်းတယ်၊ မသိနိုင်ကြဘူး။

မြတ်စွာဘုရားကျတော့ စိတ်ရဲ့ခံစားမှုတွေဟာ ပေါ်လာလို့ရှိရင် ထင်းထင်းကြီးပေါ်လာတယ်၊ ဖြစ်ပေါ်လာတဲ့အချိန်မှာလည်း ရှင်းရှင်းကြီး သိလိုက်တယ်၊ ဖြစ်ပြီးတော့ တည်နေတဲ့အချိန်မှာလည်း ရှင်းရှင်းကြီးသိတယ်၊ ပျက်သွားတာကိုလည်း ရှင်းရှင်းကြီးမြင်တယ်၊ (ဝေဒနာဆိုတာ စိတ်ရဲ့ခံစားမှုလေးကိုပြောတာ၊ ဝေဒနာဆိုတာရောဂါကို ပြောတာမဟုတ်ဘူး။)

စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ခံစားမှုလေးတွေ အဲဒီစိတ်ထဲမှာဖြစ်ပေါ်လာတဲ့ ခံစားမှုလေးကို သိတယ်ဆိုတာ သာမန်နဲ့မသိဘူး၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကျတော့ ဝေဒနာတရားတွေ ဖြစ်ပေါ်လာတဲ့အခါမှာ ထင်ထင်ရှားရှား သိတယ်၊ ဒီလိုဆိုတာ၊ ဘုန်းကြီးတို့ တစ်တွေကျတော့ ဒီဝေဒနာတွေ သိဖို့အတွက် ဝေဒနာနုပဿနာ ကျင့်စဉ်တစ်ခုကို ကျင့်ရတယ်၊ ဒီလိုကျင့်တာတောင်မှ လွတ်သွားတာတွေ အများကြီး၊ အဲဒီ ဝေဒနာနုပဿနာဆိုတဲ့ ဝေဒနာကို အဖန်တလဲလဲရှုကြည့်တဲ့ ဆင်ခြင်သုံးသပ်တဲ့ ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်ရတယ်၊ အဲဒီလိုကျင့်မှ ဝေဒနာဖြစ်ပေါ်လာတယ်ဆိုတာကို သိနိုင်တယ်။

ဘုရားအလောင်းတော်ကျတော့ ဒီလို မဟုတ်ဘူး၊ ဖြစ်ပေါ်လာတဲ့ဝေဒနာတွေထင်ရှားတယ်၊ ပျက်ပြားသွားတဲ့ဝေဒနာတွေလည်း ထင်ရှားတယ်၊

ထင်ထင်ရှားရှားကြီးပဲ ဘာဖြစ်ဖြစ် မသိလိုက်တာ ဆိုတာမရှိဘူး၊ အားလုံးသိလိုက်တယ်၊ သိသိကြီးနဲ့ ပျက်စီးသွားတယ်။

ဝေဒနာတင်လားဆိုတော့မဟုတ်ဘူး၊ စိတ်ရဲ့ မှတ်သားမှု သညာကိုလည်း သိတယ်၊ ဘုန်းကြီးတို့ တတွေကျတော့ ကိုယ့်စိတ်က ဘာမှတ်လိုက်တယ် ဆိုတာ သိချင်မှသိတာ၊ စိတ်နဲ့ အာရုံနဲ့တစ်ခုခုတွေ့ရင် စိတ်ကအလိုအလျောက် automatic မှတ်လိုက်တာ၊ အဲဒီမှတ်လိုက် တဲ့သဘောလေးကို ကိုယ်ကမသိလိုက် ဘူး၊ မြတ်စွာဘုရားကျတော့ အဲဒီ သညာလို့ဆိုတဲ့ စိတ်ရဲ့ မှတ်သားမှုကို သိတယ်၊ ဖြစ်လာတာကိုလည်း သိလိုက်တယ်၊ တည်နေမှုကိုလည်း သိလိုက်တယ်၊ ချုပ်ပျက်သွားတာကိုလည်း သိလိုက်တယ်။

နောက်တစ်ခုက ဝိတက္က စိတ်ရဲ့အတွေးကို လည်း သိတယ်၊ ဘုန်းကြီးတို့တတွေက တွေးချင်ရာ တွေးနေပေမယ့် ငါတွေးနေတယ် ဆိုတာ သိချင်မှ

သိတာ၊ ဒီပြင်တွေးတဲ့အကြောင်းအရာ သိကောင်း သိလိမ့်မယ်၊ တွေးနေတဲ့စိတ်ကို ဘယ်တော့မှ မသိဘူး။ မသိသည့်အတွက်ကြောင့် အကောင်းတွေးလား အဆိုးတွေးလားလဲဘာမှ မသိဘူး။

မြတ်စွာဘုရားကျတော့ ဒီလိုမဟုတ်ဘူး၊ ဝိတက္ကလို့ဆိုတဲ့ စိတ်ရဲ့အတွေးတွေကိုလည်း ဖြစ်ပေါ်လာတဲ့အခါမှာလည်း ထင်ထင်ရှားရှား သိလိုက်တယ်၊ ရပ်တည်တဲ့အချိန်မှာလည်း ထင်ထင်ရှားရှား သိလိုက်တယ်၊ ပျက်စီးသွားတဲ့အချိန်မှာလည်း ထင်ထင်ရှားရှားကြီး သိလိုက်တယ်၊ ဆိုလိုတာက ဖြစ်တာတည်ရှိတာကိုလည်း သိလိုက်တယ်။ ချုပ်တာကိုလည်း သိလိုက်တယ်။

ဒီနေရာမှာ ဝေဒနာ သညာ ဝိတက္က ဒီတရား သုံးမျိုးကိုသာ ပြောသော်လည်း မြတ်စွာဘုရားရဲ့ သန္တာန်မှာ ဖြစ်တဲ့စိတ်ရဲ့ သဘာဝတရားတွေအားလုံး မြတ်စွာဘုရားက ထင်ထင်ရှားရှားသိတယ်လို့ ဒီလို

ဆိုလိုတာ၊ စိတ္တာနုပဿနာအနေနဲ့ သတိသမ္ပဇဉ်
အင်မတန် အားကောင်းသည့်အတွက်ကြောင့်
ကိုယ့်သန္တာန်မှာ ဖြစ်နေတဲ့ စိတ်အခြေအနေတွေ
အားလုံးကို ထင်ထင်ရှားရှားကြီး သိနိုင်တယ်လို့
ဒီလိုပြောတာ။

မြတ်စွာဘုရားက "ချစ်သားအာနန္ဒ၊ ဝေဒနာ၊
သညာ၊ ဝိတက်လို့ဆိုတဲ့ ဒီသဘာဝတရားတွေ ငါ့
သန္တာန်မှာ ထင်ထင်ရှားရှားဖြစ်လာတာတွေကို
ငါဘုရားကထင်ထင် ရှားရှားကြီးသိတယ်ဆိုတာကို
ထည့်ပြီးတော့ ငါ့ရဲ့အံ့ဩဖွယ်တစ်ခုအနေနဲ့ မှတ်သား
လိုက်ပါအုံး"တဲ့။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဟာ
ဘယ်တော့မှသတိကင်းကွာသွားတယ်ဆိုတာ မရှိဘူး
လို့ ဒီလိုယူရတယ်၊ အဲဒီလို ကဆုန်လပြည့် (ဗုဒ္ဓနေ့)
အခါသမယမှာ ဗုဒ္ဓမြတ်စွာနဲ့ ပတ်သက်ပြီး အလွန်
အံ့ဩဖွယ်ကောင်းတဲ့ ဒီအချက်တွေကို မှတ်သား

နာယူကြရပြီး "အစ္ဆရိယမနုဿ" "အံ့ဖွယ်လူသား မြတ်ဘုရား"ကို တို့တစ်တွေဟာ ကိုးကွယ်ရတယ်၊ ဆည်းကပ်ရတယ်၊ ဒီ မြတ်စွာဘုရားရဲ့ တရားတော်တွေကို မှတ်သားကြရတယ်၊ နာယူကြရတယ်၊ မြတ်စွာဘုရား ဟောကြားတဲ့အတိုင်း လိုက်နာကျင့်သုံးရတာ တို့တစ်တွေအင်မတန်မှ ကံကောင်းလှပါပေတယ်။

ဘုရားဆိုတဲ့ပုဂ္ဂိုလ်ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ဖြစ်ပေါ်လာတာ ဖြစ်သောကြောင့် ဘုရားတစ်ဆူဖြစ်ဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းတယ်၊ ပွင့်တဲ့ဘုရားတစ်ဆူကို ကြုံဖို့ဆိုတာလည်း အင်မတန်မှခဲယဉ်းတယ်၊ အဲဒီ ခဲယဉ်းတဲ့ အခြေအနေတွေအားလုံးကို ကျော်ဖြတ်ပြီး ဘုရားသာသနာနဲ့ ကြုံတွေ့နေရလို့ မြတ်စွာဘုရားနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ မြတ်စွာဘုရား ဟောကြားတဲ့ တရားမွေတွေကို နာကြရတယ်၊

တို့တတွေ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ အဆုံးအမအတိုင်း လိုက်နာ ကျင့်သုံးနိုင်ကြပါစေ ကုန်သတည်း။ ။

သာဓု..... သာဓု..... သာဓု။

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဓမ္မ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ ပုရပိုက်ဓမ္မဖြန့်ချိရေး
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ပေါသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဩသဋ္ဌဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပယ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလှူတိုင်းမှာ
၇၉။ ဒဏ္ဍိယာပိဘာဂ်သုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်
၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

## ဂကူး ခံ့ပွယ်လူသား မြတ်ဘုရား